# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

(၂၀၁၁ ခုနှစ်၊ မတ်လ ၁ ရက်)

[ အင်္ဂါနေ့ ]

**အချိန်** ၊ **၁၁း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးကို နံနက် ၁၁း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်** ၊ **၁၁း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိ မ် အမျိုး သားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဒုတိယနေ့အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၂၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်း၏ (၉၉.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ် ပုံထက် ကျော်လွန်တဲ့အတွက် အမျိုး သားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၀ နဲ့ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နှင့် (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစ ည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၏ ဒုတိယနေ့အစီအစဉ်တွေကို အမျိုးသားလွှတ် တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြား ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးတင်မောင်ဝင်း [မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)]။** ။အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃)မှ ရွေးချယ်ခံ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ယခု ခွင့်ပန်ကြားမယ့် အကြောင်းအရာကတော့ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ရွေးချယ်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ကိုယ်စား ပန်ကြားခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၄)မှ ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်ဟာ ကျန်းမာရေး အခြေ အနေအရ ကုတင်(၁၀၀၀) ဆေးရုံကြီးမှာ ဆက်လက်ဆေးကုသခံယူနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် (၁-၃-၂၀၁၁) ရက်နေ့မှ (၄-၃-၂၀၁၁)ရက်နေ့ထိ ကျင်းပမယ့် အမျိုးသားလွှ တ်တော် အစည်းအဝေးများကို တက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပေးပါရန် ဦးဝင်းမောင်ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ။** ။မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင်ကိုယ်စား အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၃)မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြု ကြောင်းကြေညာပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ်အမျိုးသား လွှတ်တော်ပုံမှန် အစည်းအဝေး ဒုတိယနေ့ကို တက်ရော က်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄) ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁) ဦး စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ် တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ဥပဒေကြမ်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြပါမယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ၃၃ နဲ့ ၄၀ တို့အရ ဥပဒေကြမ်း ကော်မတီကို (၁၅)ဦးထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းရမှာဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကိုတာဝန်ယူဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်းမှာပဲ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ နည်းဥပဒေ ၃၄ အရ ကော်မတီရဲ့အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှ င့် သက်တမ်းများကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးနှင့် ဖွဲ့စည်းဖို့ လျာထားပါတယ်။ ကော်မတီဝင်များရဲ့ သက်တမ်းတစ်နှ စ်ပြည့်မြောက်တဲ့အခါမှာ ပြန်လည် သုံးသပ်ပြီး လိုအပ်လျှင် သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ဒီနေ့ကစပြီးတော့ လွှတ်တော်ရဲ့ ကော်မတီ (၄)ရပ်ကို ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ ဒီကော်မတီ (၄)ရပ်ကို ဖွဲ့စည်းတဲ့အခါမှာ ဥက္ကဋ္ဌအနေနဲ့

အမည်စာရင်းပြုစုပြီး တာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။ ဒါကို လွှတ်တော်ရဲ့ အ တည်ပြုချက်ရယူပြီး ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကော်မတီ (၄)ရပ်အတွက် ဥက္ကဋ္ဌအနေနဲ့ တာ ဝန်ပေးဖို့ စဉ်းစားရာမှာ -

(၁) လွှတ်တော်မှာ တက်ရောက်နေတဲ့ နိုင်ငံရေးပါတီများက ပုဂ္ဂိုလ်များပါဝင်ဖို့

(၂) ပညာအရည်အချင်းနဲ့အလုပ်အကိုင်အတွေ့အကြုံဟာ ကော်မတီနဲ့လိုက်လျော ညီထွေရှိဖို့

(၃) မည်သည့် ပါတီကပင်ဖြစ်စေ နယ်မြေဒေသအလိုက် မျှမျှတတ ပါဝင်ဖို့

ဒီအချက်တွေနဲ့ဥက္ကဋ္ဌအနေနဲ့ စဉ်းစားထားပါတယ်။နိုင်ငံရေးပါတီများအနေနဲ့ အမျိုးသားလွှတ်တော်မှာ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မွန်ဒေသလုံး ဆိုင်ရာဒီမိုကရေစီပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ရှမ်းတိုင်းရင်းသား များဒီမိုကရက်တစ်ပါတီ၊ ဖလုံ -စဝေါ်ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားပါတီ၊ စည်းလုံးညီညွတ် ရေးနှင့်ဒီမိုကရေစီပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုး တိုးတက်ရေးပါတီ၊ ပအိုဝ်းအမျိုးသားများအဖွဲ့ချုပ်၊ တအောင်း (ပလောင်)အမျိုးသားပါတီ၊ "ဝ" ဒီမို ကရက်တစ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တစ်သီးပုဂ္ဂလ ဖြစ်ကြပါတယ်။ ပညာ အရည်အချင်းနဲ့ အတွေ့အကြုံဆိုင်ရာမှာ ဥပဒေကြမ်းကော်မတီနဲ့ပတ်သက်ရင် ဥပဒေဘွဲ့ရဥပဒေအတွေ့အကြုံရှိပြီးသူ၊ ပြည်သူ့ငွေစာရင်းကော်မတီနဲ့ပတ်သက်ရင် ငွေစာရင်းဆိုင်ရာဘွဲ့ရ၊ ငွေစာရင်းဆိုင်ရာ အတွေ့အကြုံ ရှိပြီးသူစသည်ဖြင့် ဒီလိုစဉ်းစားတာ ရှိပါတယ်။ မည်သည့်ပါတီက ဖြစ်ပါစေ နယ်မြေဒေသ မျှမျှတတ ပါဝင်အောင် ပြည်နယ်အလိုက် /တိုင်းအလိုက်အားလုံး ပါဝင်အောင် ဇယားချပြီး စဉ်းစားထားတာ ဖြစ်ပါတယ်။ ဒီလိုစဉ်းစား ပြီး ဥက္ကဋ္ဌအနေနဲ့ အမည်စာရင်း တင်သွင်းတာ လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်အရ ဆောင်ရွက်ရမှာဖြစ်ပါတယ်။သို့သော်လည်း အခွင့်အရေးပေးတဲ့အနေနဲ့ ပါဝင်ထမ်းဆောင်နိုင်ခြင်း ရှိ /မရှိ၊ မိမိရဲ့သဘောထား၊ မိမိပါတီရဲ့ သဘောထားတွေ မေးမြန်းနိုင်အောင် ပြီးရင် လွှတ်တော်ကို ခေတ္တရပ်နားပြီးတော့ ဥက္ကဋ္ဌရုံးခန်းမှာ ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ ဆောင်ရွက်နိုင်စွမ်းမရှိဘူးဆိုရင်လည်း ပွင့်ပွင့် လင်းလင်းတင်ပြလို့ရပါတယ်။ ဒါသည် အခွင့်အရေးပေးတာပဲဖြစ်ပါတယ်။ အလားတူပဲ နောက်ရက် တွေမှာလည်းဖွဲ့စည်းတဲ့ ကော်မတီအားလုံးမှာ ဒီတိုင်း ပဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခု ကော်မတီနဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

## ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၁း၁၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နဲ့စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီးတော့ ဥပဒေကြမ်းကော်မတီကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များရဲ့သက်တမ်းတစ်နှစ်ပြည့်မြောက်တဲ့အခါမှာ ပြန်လည်သုံးသပ်ပြီးတော့ လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေး အပ်နိုင်ပါတယ်။

ကော်မတီရဲ့တာဝန်ဝတ္တရားများကတော့ ကော်မတီဟာဥပ ဒေကြမ်းများနဲ့စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံပြီးတော့ စိစစ်ရမှာဖြစ်ပါတယ်။ (က) နိုင်ငံတော်ကချမှတ်သောမူဝါဒများ ဦးတည်ချက်များနှင့်ညီညွတ်မှု ရှိ/မရှိ၊ (ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊ (ဂ) နိုင်ငံတော်နှင့် အများပြည်သူ တို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ် စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိ၊ (ဃ)နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များ ပါဝင်ခြင်း ရှိ/မရှိ၊ (င)နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိ/မရှိ၊ (စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ၊ (ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ /မရှိ၊ (ဇ)ဝန်ကြီးဌာန တစ်ခု နှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု၏လုပ်ပိုင်ခွင့်များ ရောထွေး ခြင်း ရှိ/မရှိ၊ (ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရ ရေးဆွဲသောဥပ ဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ သဘောတူ စာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထား သောအချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ/မရှိ နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ/မရှိ၊ (ည) သက်ဆိုင်ရာဥပဒေနှင့် စပ်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါရှိ ခြင်း ရှိ /မရှိ၊ (ဋ) ဥပဒေပါပြဋ္ဌာန်းချက်

များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့်အခြေအနေ ရှိ/မရှိ၊ (ဃ) ဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ/မရှိ။

ကော်မတီဝင်များသည် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က တာ ဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းပေးသော ဥပဒေကြမ်း ပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

ကော်မတီသည် အမျိုးသားလွှတ်တော် က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

ကော်မတီသည် ဥပဒေကြမ်းများကို အသေးစိတ် ဆွေးနွေးစဉ်းစားရာ၌ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့် နည်းလမ်းများအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်- (က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။ ( ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။ ( ဂ) ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့ နှင့် ညှိနှိုင်းပြီး ဖြေကြား နိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်အား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်း မရှိစေ ရ။ ကော်မတီအစည်းအ ဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရပါမ ည်။ ယင်းအစည်းအ ဝေး မှတ်တမ်းများကို ဖြန့် ဝေခြင်းမပြုရ။ အမျိုးသားလွှတ် တော်သို့ ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တ စ်ပေါင်းတည်း ထိန်းသိမ်းထားရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ၊ ကော်မတီအစည်းအဝေးများကိုအမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

ကော်မတီသည် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ (က)နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို အမျိုးသား လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။ (ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။ (ဂ) ပြင်ဆင်ရန် အကြံပြုချက်များကို

အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်ခွင့် ရှိသည်။(ဃ) ခေတ်နှင့်မလျော်ညီသောအရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့် မှ ပြင်ဆင် ဆောင်ရွက်နိုင်ခွင့်ရှိသည်။

ကော်မတီ၏ လုပ်ပိုင်ခွ င့်၊ အထက်ပါ အပိုဒ် (၂)အရ ကော်မ တီ၏ တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင် ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက် များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင် အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။

ဥပဒေကြမ်းကို ကော်မတီ တွင် ဆွေးနွေးစဉ်းစားပြီး ဖြစ်ပါက - (က) ကော်မတီ ဥက္ကဋ္ဌသည် အစီရင်ခံစာ မူကြမ်းကို ပြုစု၍ကော်မတီအစည်းအဝေး တွင် တင်ပြရမည်။ (ခ)အစီရင်ခံစာ မူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ (ဂ) ကော်မတီဥက္ကဋ္ဌ မရှိ လျှင် သဘာပတိ တာဝန်ထမ်းဆောင်သောကော်မတီဝင် တစ်ဦးက လက်မှတ်ရေးထိုး တင်ပြနိုင်သည်။ (ဃ) အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်း ကို ကော်မတီသို့ လွှဲအပ်သည့်နေ့မှ စ၍ ခုနှစ်ရက်အတွင်း (ရုံးပိတ်ရက်များမပါ) ကော်မတီ၏ အစီ ရင်ခံစာကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ (င) ယင်းသို့ တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက် များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသား ဖော်ပြ၍ လက်မှတ်ရေးထိုး ပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။ (စ) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ၏ တာ ဝန်ပေးအပ် ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရမည်။

ကော်မတီဝင်များသည်- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာ န်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ (ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော် ကော်မတီတွင် အများဆုံး နှစ်ခုထိ ပါ ဝင်ဆောင်ရွက် နိုင်ခွင့်ရှိသည်။ (ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကြောင်းအကြောင်း ဖော်ပြလျက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ။ ကော်မတီဝင်များသည်အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာကော်မတီလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန် ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာတွင်လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေ နှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့် များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးထားသည့် ရပိုင်ခွင့် များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည် (က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက် များနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရ ခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။ (ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့် ပြုချက် မရရှိပါက ဖမ်းဆီးခံရ ခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။ (ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေး များသို့ တက်ရောက်ခွင့် ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

## ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းရန် အစည်းအဝေးခေတ္တရပ်နားခြင်း

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ခဏမျှအစည်းအဝေး ခေတ္တရပ်နားပြီး ဥက္ကဋ္ဌနှင့် ကော်မတီဝင်အဖြစ် လျာထားခြင်းခံရတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ အဲဒီ အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီအစည်းအဝေးခန်းမထဲမှာ ခေတ္တစောင့်ဆိုင်းပေးဖို့ လိုပါတယ်။ လျာထားတဲ့ ပုဂ္ဂိုလ်တွေမှာ ဆောင်ရွက်နိုင်စွမ်းမရှိရင် ထပ် မံလျာထားတဲ့ ပုဂ္ဂိုလ်တွေ ခေါ်ယူ တွေ့ဆုံပြီးတော့ ညှိနှိုင်းဖို့ ရှိပါတယ်။ ထမင်းသုံးဆောင်လို့ ရပါပြီဆိုတဲ့အချိန်မှာ လာရောက်ပြီးတော့ အကြောင်းကြားမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ထမင်း သုံးဆောင်နိုင်ပြီ ဖြစ်ပါတယ်။ ဒီအချိန်မှာ ဥပဒေကြမ်းကော်မတီ လည်း လျာထားလို့ ပြီးပြီဖြစ်ပါတယ်။ အဲ ဒီတော့ အစည်းအဝေးကို နေ့လည် ၁၁း၃ဝ နာရီအထိ ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ကိုယ်စားလှယ်ကြီးများ ထိုင်နိုင်ပါပြီခင်ဗျား။

ယခုကျွန်တော် တင်ပြမယ့် လွှတ်တော် ကိုယ်စားလှယ်များဟာ ကိုယ်စားလှယ် အမည်စာရင်းပါ ပုဂ္ဂိုလ်များဟာ ကျွန်တော် တင်ပြပြီးသွား တဲ့အခါမှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ရုံးခန်းကို ကြွရောက်ကြဖို့ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်များကတော့ -

(၁) ဦးမြညိ မ်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၇)။

(၂) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)။

(၃) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၆)။

(၄) ဦးမန်းအောင်တင်မြင့်၊ ကရင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁၂)။

(၅) ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၆)။

(၆) ဒေါက်တာလှသိန်း၊ မွန်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆)။

(၇) ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁၀)။

(၈) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁၀)။

(၉) ဦးစိုးမြင့်၊မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆)။

(၁၀) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၅)။

(၁၁) ဒေါက်တာမြတ်ဉာဏစိုးရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၄)။

(၁၂) ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁၁)။

(၁၃) ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၅)။

(၁၄) ဦးစံထွန်း၊ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)။

(၁၅) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)။

ယခု ကျွန်တော်တင်ပြတဲ့ ပုဂ္ဂိုလ်(၁၅)ဦးဟာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌရုံးခန်းကို ယခု သွားရောက်ကြဖို့ ဖြစ်ပါတယ် ခင်ဗျား။ ကျန်တဲ့ ပုဂ္ဂိုလ်ကြီးများ ခဏတဖြုတ် အနားယူပြီးတော့မှ ထိုင်နိုင်ကြဖို့ ဖြစ်ပါတယ် ခင်ဗျား။

**အချိန် ၊ ၁၁း၃၂။**

[အမျိုးသားလွှတ်တော် အစည်းအဝေးကို ၁၁း၃၂ နာရီအချိန်တွင်ရပ်နားပြီး၁၁း၀၀ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ် စားလှယ်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ် သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ဥပဒေကြမ်းကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နဲ့ ၄၀ တို့အရဥပဒေကြမ်းကော်မတီကို လွှတ်တော် ကိုယ်စားလှယ်များနဲ့ဖွဲ့စည်းနိုင်ရေးအတွက် ဥပဒေကြမ်းကော်မတီမှာ ပါ ဝင်သင့်တဲ့ အဖွဲ့ ဝင် ဦးရေ၊

အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင်(၁၅)ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့-

- ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)။
- ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) ။
- ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) ။
- ဦးမန်းအောင်တင်မြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ။
- ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) ။
- ဒေါက်တာလှသိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) ။
- ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀) ။
- ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ။
- ဦးစိုးမြင့် ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ။
- ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ။
- ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) ။
- ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) ။
- ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) ။
- ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) ။
- ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) တို့ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမြညိမ်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်းအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်း သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

## ဥပဒေကြမ်းကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဥပဒေကြမ်း ကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီမှာ ပါ ဝင်မည့် အဖွဲ့ ဝင်ဦးရေ၊ အဖွဲ့ ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းကိုတင်ပြလို့ ပြီးပါပြီ။ ဥပဒေကြမ်းကော်မတီဖွဲ့စည်းရန် တင်ပြချက်ကိုလည်းကောင်း၊ ဥပဒေကြမ်း ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်များနှင့်စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ရဲ့ သဘောတူညီချက် ရယူမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကသဘောတူတဲ့အတွက်ဥပဒေကြမ်းကော်မတီမှာ ဥက္ကဋ္ဌ အဖြစ် ဦးမြညိမ်း အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးစံထွန်းအားလည်းကောင်း၊ အဖွဲ့ဝင် များအဖြစ် ဦးခက်ထိန်နန်၊ ဒေါ်နန်းနီနီအေး၊ ဦးမန်းအောင်တင်မြင့်၊ ဦးဆွန်ဒုတ်ကျင့်၊ ဒေါက်တာ လှသိန်း၊ ဦးသန်းမြင့်၊ ဦးမြင့်ထွန်း၊ ဦးစိုးမြင့်၊ ဦးဇော်မြင့်ဖေ၊ ဒေါက်တာမြတ်ဉာဏစိုး၊ ဦးတင်ယု၊ ဦးကျော်ထွန်းအောင် နဲ့ ဦးဆိုင်ပေါင်းနပ် တို့နှင့် ့ ဖွဲ့စည်းခြင်းကိုလည်းကောင်း ၊ ဥပဒေကြမ်း ကော်မတီ၏တာ ဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့နှင့် ့ စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် အစည်းအဝေး ဒုတိယနေ့ ရပ်နားခြင်းနှင့် အစည်းအဝေး တတိယနေ့ကျင်းပမည့် နေ့ရက်သတ်မှတ်ခြင်း

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါ့မယ်။ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက် (ကြာသပတေးနေ့)၊ ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန် ၊ ၁၃း၁၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယနေ့အစည်းအဝေးကို ၁၃း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]